# စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင်
# Coronavirus Disease 2019(COVID-19) ကူးစက်ပျံ့နှံ့မှု မရှိစေရန်
# သတိပေး နှိုးဆော်ပန်ကြားချက်
## (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်)

မြန်မာနိုင်ငံတွင် (၃၁-၈-၂၀၂၀)ရက်နေ့၊ ည(၈:၀၀)နာရီအထိ COVID-19 ဓာတ်ခွဲအတည်ပြု လူနာ (၈၈၂)ဦး ရှိပြီး၊ (၆)ဦး သေဆုံးခဲ့ပါသည်။

ယခုအခါ ရောဂါလက္ခဏာ မပြသော ကူးစက်မှုများလည်း ရှိနေပြီး စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် လုပ်ငန်းသဘာဝအရ ကူးစက်ပျံ့နှံ့မှု အလားအလာ ပိုမိုများပြားနိုင်သည့်အတွက် မိမိတို့၏ လုပ်ဖော်ကိုင်ဘက်များအကြား ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်း၊ COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် လွန်ခဲ့သော (၁၄)ရက်အတွင်း ထိတွေ့မှုရှိခဲ့ခြင်း၊ COVID-19 ရောဂါ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ခံရသူ၊ အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် တစ်အိမ်တည်းတွင် အတူတကွ နေထိုင်ခြင်း၊ COVID-19 ဓာတ်ခွဲ အတည်ပြုလူနာနှင့် ၃ ပေအကွာအဝေးအတွင်းတွင် ၁၅ မိနစ် ကျော်ကြာအောင် မျက်နှာချင်းဆိုင် ရှိခဲ့ဖူးခြင်း၊ COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ခန္ဓာကိုယ်ချင်း ထိတွေ့မှု ရှိခဲ့ဖူးခြင်းတို့ရှိပါက ဝန်ထမ်းကြီးကြပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှု ခံယူစေနိုင်ရေး အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။

- လုပ်ငန်းခွင်အတွင်းတွင် တတ်နိုင်သမျှ မျက်နှာချင်းဆိုင် အလုပ်မလုပ်ဘဲ ဘေးတိုက်နေရာချထားပြီး (၆)ပေခွာ၍ အလုပ်လုပ်ကိုင်ခြင်း၊ မဖြစ်မနေ မျက်နှာချင်းဆိုင် အလုပ်လုပ်ကိုင်ရမည်ဆိုပါက အများဆုံး(၁၅)မိနစ်ထက် မပိုစေခြင်းစသည့် Physical Distancing လမ်းညွှန်ကို တိကျစွာ လိုက်နာဆောင်ရွက်ရပါမည်။
- ရေနှင့်ဆပ်ပြာကို အသုံးပြု၍ စက္ကန့် (၂၀)ကြာအောင် လက်ဆေးခြင်း (သို့) Alcohol အနည်းဆုံး ၆၀% ပါဝင်သော လက်သန့်စင်ဆေးရည်ဖြင့် မကြာခဏလက်ဆေးခြင်း ပြုလုပ်ရပါမည်။
- ပါးစပ်နှင့်နှာခေါင်းစည်းများ အပါအဝင် လိုအပ်သော တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများကို မဖြစ်မနေ ဝတ်ဆင်ရပါမည်။

သို့မှသာ မိမိကိုယ်တိုင်နှင့် လုပ်ဖော်ကိုင်ဘက်များအကြား၊ မိသားစုနှင့်နီးစပ်ရာများအကြား ရောဂါကူးစက် ပျံ့နှံ့မှုမှ ကာကွယ်နိုင်ပြီး ရောဂါကူးစက်မှု ရှိပါကလည်း အချိန်မီ ကုသမှု ခံယူနိုင်မည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော် ပန်ကြားအပ်ပါသည်။

လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန